“ပြည်သူ့ကာကွယ်ရေးတပ်မတော် သစ္စာအဓိဋ္ဌာန် [၄] ချက်”

၁။ ငါတို့သည် ပြည်ထောင်စုနှင့် ပြည်ထောင်စုသားများအပေါ် သစ္စာစောင့်သိပါမည်။

၂။ ငါတို့သည် ဖက်ဒရယ်ဒီမိုကရေစီတိုက်ပွဲအတွင်းကျဆုံးခဲ့ရသော သူရဲကောင်းများကို သစ္စာစောင့်သိပါမည်။

၃။ ငါတို့သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပါမည်။

၄။ ငါတို့သည် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ငါတို့၏အသက်ကိုစွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
အပတ်စဉ်သတင်းထုတ်ပြန်ချက် (၃၁/၂၀၂၄)

အမှတ်စဉ် (၃၁/၂၀၂၄) | http://www.nugmyanmar.org | ၂၀၂၄ခုနှစ်၊ ဇူလိုင်လ (၂၉) ရက်။

အမျိုးသားညီညွတ်ရေးအစိုးရ

KNU ဒုတိယ ဥက္ကဋ္ဌဟောင်း နော်စီဖိုးရာစိန် ကွယ်လွန်မှုအား NUG က ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့



ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ ဒုတိယ ဥက္ကဋ္ဌဟောင်း နော်စီဖိုးရာစိန် ယနေ့ မွန်းလွဲ ၂:၂၁ နာရီတွင် ထိုင်း-မြန်မာနယ်စပ်ရှိ မဲ့စလိယန်းမြို့ နေအိမ်တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းပူဆွေးရကြောင်း အမျိုးသားညီညွတ်ရေးအစိုးရက ဇူလိုင် ၂၄ ရက်တွင် သဝဏ်လွှာပေးပို့ခဲ့သည်။

နော်စီဖိုးရာစိန်သည် ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ကရင်အမျိုးသမီးအဖွဲ့အစည်း (KWO) တို့တွင် ခေါင်းဆောင်အဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့ပြီး အမျိုးသမီး အဖွဲ့အစည်းများကွန်ယက် (WON) က ပေးအပ်သည့် အမျိုးသမီး ငြိမ်းချမ်းရေးဆုကို ချီးမြှင့်အပ်နှင်းခြင်း ခံရသည့် စိတ်ဓာတ် ခိုင်မာပြတ်သားသည့် အမျိုးသမီးခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် တိုင်းပြည်အာဏာကို မတရား သိမ်းယူခဲ့သော အကြမ်းဖက်စစ်အုပ်စု၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် (NCA) ပျက်ပြယ်ကြောင်း အစောဆုံး ထုတ်ဖော်ပြောကြားခဲ့သည့် အမျိုးသမီး ခေါင်းဆောင်တစ်ဦးဖြစ်ပြီး အမျိုးသားညီညွတ်ရေးအစိုးရအား အဖက်ဖက်မှ ပံ့ပိုးကူညီသွားမည်ဟု ထုတ်ဖော် ပြောကြားခဲ့သူလည်း ဖြစ်ကြောင်း၊ ယခုကဲ့သို့ ကွယ်လွန်သွားရခြင်းသည် ကရင်တိုင်းရင်းသားတို့ အတွက်သာမက မြန်မာတနိုင်ငံလုံးအတွက် အဖိုးတန်သည့် ခေါင်းဆောင်တစ်ဦး ဆုံးရှုံးသွားရသည်ဟု မှတ်ယူကြောင်း ဖော်ပြထားသည်။ https://go.nugmyanmar.org/90deba79

90deba79

Powered by Go.NUG

နယ်မြေစိုးမိုးမှုများ ကျယ်ပြန့်လာသည်နှင့်အမျှ စစ်ရေးကဏ္ဍနှင့်အတူ အုပ်ချုပ်ရေး ကဏ္ဍအတွက်ပါပြင်ဆင်လုပ်ဆောင်ကြရန် ပြည်ထောင်စုဝန်ကြီးချုပ် တိုက်တွန်းပြောကြား

မကြာမီကာလတွင် နယ်မြေစိုးမိုးမှုများ ခိုင်မာအားကောင်းပြီး ကျယ်ပြန့်လာသည်နှင့်အမျှ စစ်ရေးကဏ္ဍနှင့်အတူ အုပ်ချုပ်ရေး ကဏ္ဍအတွက်ပါ ပြင်ဆင်လုပ်ဆောင်ကြရန် အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းက ဇူလိုင်လ (၂၅) ရက် ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီ အစည်းအဝေးတွင် တိုက်တွန်း ပြောကြားခဲ့သည်။

"စစ်ရေးလှိုင်းတွေဟာ မန္တလေးအထိ ဆင်းလာပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ အစိုးရအနေနဲ့ စစ်ရေးကဏ္ဍနဲ့အတူ အုပ်ချုပ်ရေး ကဏ္ဍအတွက်ပါ စဉ်းစား ပြင်ဆင်လုပ်ဆောင်စရာတွေ အင်မတန်များတဲ့ ကာလလည်းဖြစ်ပါတယ်။ စစ်ရေးအခြေအနေတွေကို လေ့လာပြီး နယ်မြေဒေသအလိုက် လိုအပ်သလို ပြင်ဆင်ထားမှသာနယ်မြေစိုးမိုးမှုနဲ့အတူ အုပ်ချုပ်ရေးယန္တရား ထူထောင်မှုတွေကို ကောင်းကောင်း လုပ်ဆောင်နိုင်မှာဖြစ်ကြောင်းနဲ့ ကော်မတီအနေနဲ့တော့ သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် စီမံရတာတွေကလည်း ပိုပိုများလာနိုင်ဖွယ်ရှိတာကြောင့် ရှိတဲ့ လူ့စွမ်းအားအရင်းအမြစ်နဲ့အကန့်အသတ်ရှိတဲ့ အချိန်ကို ကောင်းစွာစီမံနိုင်ကြဖို့ လိုအပ်ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

တော်လှန်ရေးကာလ ပြည်သူ့အစိုးရအနေဖြင့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးကဏ္ဍကို အထူးအလေးထား ကြိုးစားစီမံ ဆောင်ရွက်ရေး၊ တရားဥပဒေစိုးမိုးရေးကဏ္ဍသည် မြို့ရွာများမှ ပြည်သူများ စိတ်လုံခြုံစွာ နေထိုင်နိုင်ရေးအတွက် လွန်စွာအရေးကြီးပြီး စစ်အုပ်စု၏ ဒုက္ခပေးဒဏ်များကို ခါးစည်းခံနေရသည့် ပြည်သူများကိုအစိုးရ အဆင့်ဆင့် တာဝန်ရှိသူများက တတ်နိုင်သမျှကြိုးစား အကာအကွယ်ပေးကြရမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ https://go.nugmyanmar.org/c5011a48

c5011a48

Powered by Go.NUG

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

အကြမ်းဖက်စစ်အုပ်စုသည် နယ်မြေစိုးမိုးမှုများ ဆုံးရှုံးပြီး စိတ်ဓာတ်ရေးရာ အင်အားချိနဲ့မှုများ ဖြစ်ပေါ်နေကြောင်း လူ့အခွင့်အခွင့်အရေးဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဖိလစ်ပိုင်နိုင်ငံတွင်ပြောကြား

မြန်မာပြည်သူများ၏ အကြမ်းဖက်စစ်အုပ်စုအပေါ် ကြံ့ကြံ့ခံ တွန်းလှန်နေသည့် အခြေအနေများ၊ NUG နှင့် တိုင်းရင်းသားတော်လှန်ရေး အင်အားစုများ၏ ဟန်ချက်ညီညီ တွန်းလှန်နေမှုများကြောင့် အကြမ်းဖက်စစ်အုပ်စု၏ နယ်မြေစိုးမိုးမှုများ ဆုံးရှုံးပြီး စိတ်ဓာတ်ရေးရာ အင်အားချိနဲ့မှုများ ဖြစ်ပေါ်နေကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ လူ့အခွင့်အခွင့်အရေးဆိုင်ရာပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းက ဇူလိုင်လ ၂၃ ရက်တွင် ဖိလစ်ပိုင်နိုင်ငံ၌ ပြုလုပ်သည့် မြန်မာ့အရေးဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

အာဆီယံအနေဖြင့် အကြမ်းဖက်စစ်အုပ်စုက ဘုံသဘောတူညီချက် ၅ ရပ်ကို မလိုက်နာခြင်း၊ အစည်းအဝေးများတွင် စစ်အုပ်စုခေါင်းဆောင်များကို တက်ရောက်ခွင့် မပြုသော်လည်း ၎င်းတို့၏ ကိုယ်စားလှယ်များကို တက်ရောက်ခွင့်ပေးနေခြင်းကို ခွင့်မပြုရန်၊ မြန်မာ့အရေးအတွက် သီးသန့် Agenda ထားရှိရေးများကိုလည်း ထည့်သွင်းဆွေးနွေးခဲ့သည်။

ထို့ပြင် အာဆီယံ အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရတော့မည့် ဖိလစ်ပိုင်နိုင်ငံကို မြန်မာ့အရေးအတွက် ထိရောက်သည့် ဖြေရှင်းမှုများ ပြုလုပ်နိုင်ရေးအတွက် ဖိလစ်ပိုင်နိုင်ငံ၏ အရပ်ဘက်အဖွဲ့အစည်းများက တွန်းအားပေးကြရန်လည်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်တိုက်တွန်းခဲ့သည်။

https://go.nugmyanmar.org/71c8de17

71c8de17
Powered by Go.NUG

ဖိလစ်ပိုင်နိုင်ငံ အနေဖြင့် မြန်မာ့ဒီမိုကရေစီလှုပ်ရှားမှုအား ထိထိရောက်ရောက် အားပေးထောက်ခံရပ်တည်ရန် လူ့အခွင့်အရေးဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက တိုက်တွန်းပြောကြား

အမျိုးသားညီညွတ်ရေးအစိုးရ လူ့အခွင့်အရေးဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းက မြန်မာနိုင်ငံအရေးကို တက်ကြွစွာ ဆောင်ရွက်နေသည့် ဖိလစ်ပိုင် လွှတ်တော်အမတ် Ms. Risa Hontiveros နှင့် Rep. France L. Castro၊ Rep. Raoul Danniel Abellar Manuel တို့နှင့် ဇူလိုင်လ (၂၅) ရက်တွင် တွေ့ဆုံစဉ်အတွင်း လက်ရှိမြေပြင်တွင် တိုးတက်ဖြစ်ပေါ်လာနေသည့် တော်လှန်ရေး အောင်မြင်မှုများတင်ပြခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံ အနေဖြင့် မြန်မာ့ဒီမိုကရေစီလှုပ်ရှားမှုအား ထိထိရောက်ရောက် အားပေးထောက်ခံရပ်တည်ရန် တိုက်တွန်းပြောကြားခဲ့သည်။

၂၀၂၆ ခုနှစ်တွင် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ ဖြစ်လာမည့် ဖိလစ်ပိုင်နိုင်ငံအနေဖြင့် မြန်မာ့အရေးနှင့် ပတ်သက်သည့် လုပ်ဆောင်မှုများကို ယခုနှစ်ကတည်းက စတင်လုပ်ဆောင်ရန်နှင့် လွှတ်တော်အနေဖြင့် အမျိုးသားညီညွတ်ရေးအစိုးရ၊ လွှတ်တော်ကိုယ်စားပြုကော်မတီနှင့် တိုင်းရင်းသားအဖွဲ့အစည်းများ အပါအဝင် ဒီမိုကရေစီအင်အားစုများနှင့် ပူးပေါင်းဆောင်ရွက်ရန်ဆွေးနွေးတင်ပြခဲ့ကြသည်။

ဖိလစ်ပိုင် အထက်လွှတ်တော် နှင့် အောက်လွှတ်တော်အမတ်များကလည်း မြန်မာပြည်သူများ၏ ဖယ်ဒရယ်ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတိုက်ပွဲအပေါ် သွေးစည်းညီညွတ်စွာ ရပ်တည်နေလျက် ရှိကြောင်း ပြောကြားခဲ့ပြီး ဆက်လက်လုပ်ဆောင်နိုင်မည့် လုပ်ငန်းများအား ဆက်လက် လက်တွဲလုပ်ဆောင်သွားရန် တိုင်ပင်ဆွေးနွေးနွေးခဲ့ကြသည်။ https://go.nugmyanmar.org/5f777e96

5f777e96
Powered by Go.NUG

ကျန်းမာရေးဝန်ကြီးဌာန

တော်လှန်ရေးရဲဘော်များနှင့် စစ်ဘေးရှောင် ပြည်သူများကို ဆေးကုသပေးနေသည့် ကျန်းမာရေး သူရဲကောင်းဝန်ထမ်းများကို ကူညီစောင့်ရှောက်မည့် အစီအစဉ်၌ ပါဝင်ကြရန် NUG တိုက်တွန်း

တော်လှန်ရေးကာလ ရှေ့တန်းတွင် ရှပ်ရှပ်ခြုံခြုံ တိုက်ပွဲဝင်နေကြသည့် တော်လှန်ရေးရဲဘော်များနှင့် စစ်ဘေးရှောင် ပြည်သူများကို ဆေးကုသပေးနေသည့် ကျန်းမာရေးသူရဲကောင်း ဝန်ထမ်းများကို ကူညီစောင့်ရှောက်မည့် နွေဦးကျန်းမာရေး သူရဲကောင်းအဖွဲ့ဝင် အစီအစဉ်၌ ပါဝင်ကြရန် အမျိုးသားညီညွတ်ရေးအစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနက ဇူလိုင်လ ၂၄ ရက်တွင် ထုတ်ပြန်တိုက်တွန်းခဲ့သည်။

နွေဦးကျန်းမာရေး သူရဲကောင်းအဖွဲ့ဝင် အစီအစဉ်သည် "ကျန်းမာရေးစောင့်ရှောက်သူမှ ကျန်းမာရေးစောင့်ရှောက်သူသို့" ကူညီစောင့်ရှောက်မည့် အစီအစဉ် ဖြစ်ပြီး တော်လှန်ရေးရဲဘော်များနှင့် စစ်ဘေးရှောင် ပြည်သူများကို ပင်ပန်းဆင်းရဲခံကာ တစ်သားတည်း ဆေးကုသမှုပေးလျက်ရှိသည့် ကျန်းမာရေးသူရဲကောင်းဝန်ထမ်းများကို ကူညီစောင့်ရှောက်မည့် အစီအစဉ် ဖြစ်ကြောင်း၊ အစီအစဉ်ကို ၂၀၂၂ ခုနှစ်၊ ဩဂုတ်လက စတင်ခဲ့ပြီး လက်ရှိတွင်၂ နှစ်တာကို ရောက်ရှိလာ ပြီဖြစ်ကြောင်း၊ ကမ္ဘာ့နေရာ အနှံ့ အပြားတွင် ရှိနေသည့် ကျန်းမာရေးစောင့်ရှောက်သူများက မိမိတို့၏ ညီအကိုမောင်နှမ၊ လုပ်ဖော်ကိုင်ဖက်များ ဖြစ်သည့် မြေပြင်တွင် တော်လှန်ရေးအတွက် တိုက်ပွဲဝင်နေကြသည့် ကျန်းမာရေးစောင့်ရှောက် သူများကို ပံ့ပိုးကူညီနေခြင်း ဖြစ်ကြောင်း ဖော်ပြထားသည်။

အဆိုပါအစီအစဉ်တွင် အသင်းဝင်ကြေးကို တစ်လလျှင် အမေရိကန်ဒေါ်လာ ၃၀ နှုန်း သတ်မှတ်ထားပြီး မိမိ ထည့်ဝင်နိုင်သလောက် ၃ လ၊ ၆ လ၊ ၁ နှစ် အထိ အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ကြောင်း ဖော်ပြထားသည်။

https://go.nugmyanmar.org/1c07de83

1c07de83
Powered by Go.NUG

ပညာရေးဝန်ကြီးဌာန

ကြားကာလ တက္ကသိုလ်များ၏ တက္ကသိုလ်ဝင်ခွင့် (ဒုတိယအကြိမ်) လျှောက်ထားနိုင်မည့်ကာလ ရက်တိုးမြှင့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ပညာရေးဝန်ကြီးဌာန
https://moe.nugmyanmar.org
ကြေညာချက်အမှတ် (၁၈/၂၀၂၄)
၁၃၈၆ ခု၊ ဝါဆိုလဆုတ် ၆ ရက်
(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်)

"ကြားကာလတက္ကသိုလ်များ၏ တက္ကသိုလ်ဝင်ခွင့် (ဒုတိယအကြိမ်) လျှောက်ထားနိုင်မည့်ကာလ ရက်တိုးမြှင့်ကြောင်း အသိပေးကြေညာချက်"

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်၊ ကြားကာလတက္ကသိုလ်များ၏တက္ကသိုလ်ဝင်ခွင့် (ဒုတိယအကြိမ်) လျှောက်ထားနိုင်မည့်ကာလသည် ၂၀၂၄ ခုနှစ်၊ ဇွန်လ (၂၇) ရက် မှ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၂၇) ရက်နေ့အထိ ဖြစ်ပါသည်။

သို့သော် မြေပြင်အခြေအနေများ၊ သက်ဆိုင်ရာပညာရေးအစုအဖွဲ့များ၏ ညှိနှိုင်းပန်ကြားချက်များ၊ မိဘပြည်သူများ၏ အကြံပြုပန်ကြားချက်များအရ အကြောင်းအမျိုးမျိုးကြောင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားကြရန် ကျန်ရှိနေသည့် ကျောင်းသား၊ကျောင်းသူများအတွက် ဤ ကြားကာလတက္ကသိုလ်များ၏ တက္ကသိုလ်ဝင်ခွင့် (ဒုတိယအကြိမ်) လျှောက်ထားနိုင်မည့်ကာလကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၃) ရက်၊ မြန်မာစံတော်ချိန် ည (၁၂:၀၀) နာရီအထိ** တိုးမြှင့်သတ်မှတ် လက်ခံပေးမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ ကျောင်းသား၊ ကျောင်းသူများသည် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်၊ ကြားကာလတက္ကသိုလ် များ၏ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန် (ဒုတိယအကြိမ်) (ဇွန်လ၊ ၂၀၂၄ ခုနှစ်) တွင်ဖော်ပြပါရှိသော တက္ကသိုလ်အလိုက် ဝင်ခွင့်ခေါ်ယူသည့် အကြောင်းအရာ၊ အချက်အလက်အသေးစိတ်တို့ကို ကြိုတင်လေ့လာပြီး သတ်မှတ်ချက်များနှင့်အညီ တက္ကသိုလ်ဝင်ခွင့် အချိန်မီ တင်သွင်းလျှောက်ထားကြပါရန် တိုက်တွန်းအပ်ပါသည်။

ပညာရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ

ကြားကာလ တက္ကသိုလ်များ၏ တက္ကသိုလ်ဝင်ခွင့် (ဒုတိယအကြိမ်) လျှောက်ထားနိုင်မည့်ကာလ ရက်တိုးမြှင့်လိုက်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ပညာရေးဝန်ကြီးဌာနက ဇွန်လ ၂၆ ရက်တွင် ထုတ်ပြန်ခဲ့သည်။

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်၊ ကြားကာလတက္ကသိုလ်များ၏ တက္ကသိုလ်ဝင်ခွင့် (ဒုတိယအကြိမ်) လျှောက်ထားနိုင်မည့်ကာလအား ၂၀၂၄ ခုနှစ်၊ ဇွန်လ (၂၇) ရက် မှ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၂၇) ရက်နေ့အထိ ဖြစ်ကြောင်းဖော်ပြထားသည်။

သို့ရာတွင် မြေပြင်အခြေအနေများ၊ သက်ဆိုင်ရာပညာရေးအစုအဖွဲ့များ၏ ညှိနှိုင်းပန်ကြားချက်များ၊ မိဘပြည်သူများ၏ အကြံပြုပန်ကြားချက်များအရ အကြောင်း အမျိုးမျိုးကြောင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားကြရန် ကျန်ရှိနေသည့် ကျောင်းသား၊ ကျောင်းသူများအတွက် တက္ကသိုလ်ဝင်ခွင့် (ဒုတိယအကြိမ်) လျှောက်ထားနိုင်မည့် ကာလကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၃) ရက်၊ မြန်မာစံတော်ချိန် ည (၁၂:၀၀) နာရီအထိ တိုးမြှင့်သတ်မှတ် လက်ခံပေးမည် ဖြစ်ကြောင်း ဖော်ပြထားသည်။ https://go.nugmyanmar.org/bf0f9ffe

bf0f9ffe
Powered by Go.NUG

ကာကွယ်ရေးဝန်ကြီးဌာန

သပိတ်ကျင်းမြို့နယ်၊ အင်းနက် တာဝါတိုင် စစ်စခန်းကို သိမ်းပိုက်ရရှိ

မန္တလေးတိုင်း၊ သပိတ်ကျင်း မြို့နယ်၊ အင်းနက်ရှိ တာဝါတိုင်ကုန်း စစ်စခန်းနှင့် စစ်ဆေးရေးဂိတ်ကို အမှတ် (၁) စစ်ဒေသ၊ မန္တလေးတိုင်း PDF တာဝန်ခံရုံး ကွပ်ကဲမှုအောက်ရှိ အမှတ် (၃) အထူးလှုပ်ရှားတပ်ရင်း၊ တိုင်းဒေသရန်း အဖွဲ့နှင့် သပိတ်ကျင်းမြို့နယ် (ပကဖ) တို့ တိုက်ခိုက် သိမ်းပိုက်ရရှိခဲ့ကြောင်း ဇူလိုင် ၂၀ ရက်တွင် ဖော်ပြထားသည်။

ရန်သူ့ဘက်မှ လေကြောင်း တိုက်ခိုက်မှု (၂) ကြိမ် ပစ်ကူပေးခဲ့သော်လည်း တာဝါတိုင်ကုန်း စစ်စခန်းနှင့် စစ်ဆေးရေးဂိတ်ကို သိမ်းပိုက်ရရှိခဲ့ကာ စစ်ကောင်စီတပ်ဖွဲ့ဝင် အလောင်း (၈) လောင်း၊ စစ်သုံ့ပန်း (၈) ဦး ရရှိခဲ့ကြောင်း စခန်းသိမ်းတိုက်ပွဲအတွင်း အကြမ်းဖက် စစ်ကောင်စီထံမှ လက်နက်ငယ် (၂၃) လက်၊ ကျည်မျိုးစုံ (၃၃၇၉) တောင့်၊ လက်ပစ်ဗုံး (၄) လုံး၊ ရှေ့ထွက်မိုင်း (၁) လုံး၊ ကျည်ဘောက် (၉၉) ဘောက် သိမ်းဆည်းရရှိခဲ့ကြောင်း ဖော်ပြထားသည်။ https://go.nugmyanmar.org/d92e6aa5

d92e6aa5
Powered by Go.NUG

အထူးစစ်ဆင်ရေးတပ်ဖွဲ့ (SOF) တည်ထောင်ခြင်း ၃ နှစ်ပြည့်အား ကာကွယ်ရေးဝန်ကြီးဌာနက ဂုဏ်ပြုသဝဏ်လွှာပေးပို့

တောင်ပိုင်းစစ်ဒေသ၏ အထူးလက်ရုံး တပ်ဖွဲ့ဖြစ်သည့် P29999/ အထူးစစ်ဆင်ရေးတပ်ဖွဲ့ - SOF တည်ထောင်ခြင်း ၃ နှစ်ပြည့်သည့် ဇူလိုင် ၂၁ ရက်တွင် အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနက ဂုဏ်ပြုသဝဏ်လွှာပေးပို့ခဲ့သည်။

၃ နှစ်တာ ကာလအတွင်း အသက်၊ ခန္ဓာ၊ ဘဝ တို့ကို ပေးဆပ်သွားသည့် ပြည်သူ့ သူရဲကောင်းများကို လေးစားဦးညွတ်ကြောင်း၊ အဆင့်ဆင့်သော ကွပ်ကဲရေးမှူးများနှင့် ရဲဘော် တစ်ဦးချင်းစီတိုင်း၏ ခိုင်မာပြတ်သားသည့် တော်လှန်ရေးရပ်တည်ချက်များ၊ ရန်သူ့တပ်ကို စွမ်းစွမ်းတမံ တိုက်ခိုက်ချေမှုန်းမှုများအတွက်လည်း အထူးဂုဏ်ယူကြောင်းနှင့် စစ်ဆင်ရေးကြီးများအတွက် ရဲဘော်များအားလုံး အဆင်သင့် ဖြစ်နေမည်ဟု ယုံကြည်ကြောင်း ဖော်ပြထားသည်။

အထူးစစ်ဆင်ရေးတပ်ဖွဲ့ - SOF ကို ၂၀၂၁ ခုနှစ် ဇူလိုင် ၂၁ ရက်တွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ၂၀၂၁ ခုနှစ် စက်တင်ဘာ ၇ ရက် ပြည်သူ့ခုခံတွန်းလှန်စစ် စတင်သည့် အချိန်ကစ၍ မြို့ပြစစ်ဆင်ရေးများဖြစ်သည့် ပျံလွှားအောင်၊ နန်းထိုက်အောင် စစ်ဆင်ရေးများကို ရန်ကုန်၊ ဇေယျာဝတီ၊ ပဲခူးနှင့် မွန်ပြည်နယ်များတွင် ပြုလုပ်ခဲ့ပြီး မြို့တွင်း စစ်ဆင်ရေး ၆၂ ကြိမ်အထိ ဆောင်ရွက်ခဲ့ကာ ရန်သူ့တပ်သား ၁၀၁ ဦး အထိ ချေမှုန်းနိုင်ခဲ့ကြောင်း ဖော်ပြထားသည်။

ကျေးလက်စစ်ဆင်ရေးအနေဖြင့် KNLA၊ ဒေရန်းတပ်များနှင့် ပူးပေါင်းပြီး တိုက်ပွဲပေါင်း (၇၄) ကြိမ် ဆင်နွှဲခဲ့ကြောင်း ရန်သူ့တပ်ရင်းအဆိုင်စခန်း (၉) ခုအထိ တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပြီး (၃) နှစ်တာတိုက်ပွဲများအတွင်း ရန်သူ (၂၄၉) ဦး သေဆုံးပြီး စစ်သုံ့ပန်း (၁၅၀) ကျော်ဖမ်းဆီးထိမ်းသိမ်းရမိခဲ့ကာ လက်နက်မျိုးစုံ (၃၀၀) ကျော် သိမ်းဆည်းနိုင်ခဲ့ကြောင်း ဖော်ပြထားသည်။

ကျေးလက်စစ်ဆင်ရေး တိုက်ပွဲများကို KNLA၊ တော်လှန်ရေး ပူးပေါင်းတပ်များနှင့် ပူးပေါင်းပြီး ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီ စစ်ဒေသများတွင် တော်လှန်ရေး ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်ပြီး ရန်ကုန်ကို ဦးတည်လျက် မြို့သိမ်းတိုက်ပွဲများ အောင်မြင်သည်အထိ အစွမ်းကုန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်နေကြောင်း ဆက်လက်ဖော်ပြထားသည်။ https://go.nugmyanmar.org/740957af

740957af
Powered by Go.NUG

အမျိုးသမီး လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန

နော်စီဖိုးရာစိန် ကွယ်လွန်မှုအား အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာနက ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့

အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာများတွင် တက်ကြွစွာပါဝင်ခဲ့သူ နော်စီဖိုးရာစိန်အား လေးစားနှမြောတသစွာ အမှတ်ရနေကြမည်ဟု အမျိုးသားညီညွတ်ရေးအစိုးရ၊ အမျိုးသမီး လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာနက ဇူလိုင်လ ၂၅ ရက်တွင် ဝမ်းနည်းသဝဏ်လွှာ ပေးပို့ခဲ့သည်။

KNU တွင် အထွေထွေအတွင်းရေးမှူး၊ ဒုတိယ ဥက္ကဋ္ဌနေရာအထိ တာဝန်ယူခဲ့ဖူးသူ နော်စီဖိုးရာစိန်သည် ၂၀၂၄ ခုနှစ်၊ ဇူလိုင် (၂၄) ရက်တွင် ကွယ်လွန်ခဲ့ပြီး မြန်မာ - ထိုင်း နယ်စပ်တလျှောက် အမျိုးသမီး အခွင့်အရေး တက်ကြွလှုပ်ရှားသူ၊ ကရင်အမျိုးသမီး အဖွဲ့အစည်း (KWO) ၏ ဗဟိုကော်မတီတွင် တာဝန်ယူခဲ့သူ ဖြစ်ပြီး အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာများတွင် တက်ကြွစွာပါဝင်ခဲ့သည့်အတွက် လေးစားနှမြောတသစွာ အမှတ်ရနေကြမည်ဟု ဖော်ပြထားသည်။ https://go.nugmyanmar.org/2cca652b

2cca652b
go
Powered by Go.NUG

သတင်းများ	သတင်းမှန်

စစ်ကောင်စီလော်ဘီ ဟန်ငြိမ်းဦး တယ်လီဂရမ် ချန်နယ်က မန္တလေးပြည်သူ့ကာကွယ်ရေး တပ်မတော်က သိမ်းပိုက်ထားသည့် မန္တလေးတိုင်းအတွင်းက ပထမဆုံး မြို့ဖြစ်သည့် စဉ့်ကူးမြို့အား ၂၄ နာရီအတွင်း စစ်ကောင်စီတပ်များက ပြန်လည်ထိန်းသိမ်းထားပြီးဖြစ်ကြောင်းကို သတင်းများအနေဖြင့် ရေးသားဖြန့်ချိလျက်ရှိသည်။

လွတ်လပ်ပြီး ယုံကြည်စိတ်ချရသည့် သတင်းဌာနများတွင် မန္တလေး ပြည်သူ့ကာကွယ်ရေးတပ်မတော်သို့ ဆက်သွယ်မေးမြန်းရာတွင် စဉ့်ကူးမြို့ကို တော်လှန်ရေးတပ်ဖွဲ့များက ထိန်းချုပ်ထားဆဲဖြစ်ကြောင်း ဖော်ပြထားပြီး စဉ့်ကူးမြို့သိမ်းတိုက်ပွဲတွင် ဖမ်းဆီးရမိသည့် စစ်ကောင်စီတပ်၏ ဒုဗိုလ်မှူးကြီးနှင့် အရာရှိ ၆ ဦးတို့ကို စစ်သုံ့ပန်း ဥပဒေနှင့်အညီ ဖမ်းဆီးစစ်ဆေးနေသည့် သတင်းများကို ဖော်ပြခဲ့ကြသည်။

https://go.nugmyanmar.org/a08be8f1

https://go.nugmyanmar.org/e1405c57

https://go.nugmyanmar.org/3906f468

သတင်းများ	သတင်းမှန်

သတင်းများ



စစ်ကောင်စီလော်ဘီ စောဘမောင် တယ်လီဂရမ်ချယ်နယ်က မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ငပုအင်းရွာသစ်တွင် လေကြောင်းတိုက်ခိုက်မှုကြောင့် ဗိုလ် အယ်စေးဝါး နှင့် ပြည်သူ့ကာကွယ်ရေးတပ်သားများ သေဆုံးကြောင်း သတင်းများ အနေဖြင့် ရေးသားဖြန့်ချိလျက်ရှိသည်။

သတင်းမှန်

လွတ်လပ်ပြီး ယုံကြည်စိတ်ချရသည့် သတင်းဌာနများတွင် ဇူလိုင် ၁၉ ရက်၊ ငပုအင်းရွာသစ် ဘုန်းကြီးကျောင်းနှင့် လွှစင်ကုန်းလမ်းဆုံနေရာများကို စစ်ကောင်စီလေတပ်က လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့သည့်အတွက် ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးများ အပါအဝင် ၁၉ ထက်မနည်း သေဆုံးခဲ့ကြောင်း ဖော်ပြခဲ့ကြပြီး ယင်းသေဆုံးသူများမှာ ဝါဆိုလပြည့်နေ့ အတွက် ကြိုတင်ချက်ပြုတ်စဉ် စစ်ကောင်စီတပ်က လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြခဲ့ကြသည်။

https://go.nugmyanmar.org/fe522deb

https://go.nugmyanmar.org/46fc2262

https://go.nugmyanmar.org/136fca24

သတင်းများ

စစ်ကောင်စီလော်ဘီ ကျော်စွာ တယ်လီဂရမ်ချန်နယ်က ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့၊ ဂန္ဓာရီစစ်ဘေး ဒုက္ခသည်စခန်းမှ ပြည်သူ ၇ ဦးကို အာရက္ခတပ်တော် AA က လက်ပြန်ကြိုးတုပ်ပြီး သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း သတင်းများ အနေဖြင့် ရေးသားဖြန့်ချိလျက်ရှိသည်။

သတင်းမှန်



လွတ်လပ်ပြီး ယုံကြည်စိတ်ချရသည့် သတင်းဌာနများတွင် ဂန္ဓာရီစစ်ဘေးဒုက္ခသည် စခန်းတွင် ခိုလှုံနေသည့် စစ်ဘေးဒုက္ခသည် ၇ ဦးက တောထဲတွင် မျှစ်သွားရှာချိန် စစ်ကောင်စီလက်ပါးစေ လက်နက်ကိုင်များက သတ်ဖြတ်ခဲ့ကြောင်း ဖော်ပြခဲ့ကြသည်။ https://go.nugmyanmar.org/fef05d65

https://go.nugmyanmar.org/6c12f7da https://go.nugmyanmar.org/5c4d601a

PVTV ၏ အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သော အပတ်စဉ်သတင်း၊ Fake or Authentic News အစီအစဉ်နှင့် အခြားသောအစီအစဉ်များကို www.youtube.com/@PVTVInternational-myanmar ကို Subscribe ပြုလုပ်၍ ကြည့်ရှုနိုင်ပြီ ဖြစ်ပါသည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင် စတုတ္ထပတ် စစ်သတင်း အနှစ်ချုပ်

၂၀၂၄ ခုနှစ်၊ ဇူလိုင် စတုတ္ထပတ်အတွင်း ရန်သူ့စစ်တိုင်းဌာနချုပ် ဖြစ်သည့် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်ကို ကိုးကန့် MNDAA တပ်ဖွဲ့ က သိမ်းယူနိုင် လိုက်သည်။

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့မှာရှိတဲ့ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်ကို ကိုးကန့် MNDAA တပ်ဖွဲ့က သိမ်းယူလိုက်ကြောင်း ထုတ်ပြန်လိုက်သည်။ လားရှိုး မြို့ လေယာဉ်ကွင်း၊ မိုတယ်ခန်းမနှင့် တက္ကသိုလ်တို့ကိုလည်း ထိန်းချုပ်ကာ မြို့တွင်း တွင် စစ်ကောင်စီတပ်များ ပြန့်ကျဲကာ ဟိုတကွက် ဒီတကွက်ဖြင့် ခံစစ်ဆင်လျက်ရှိ သည်။ ယင်းကဲ့သို့ သိမ်းပိုက်နိုင်မှုသည် အကြမ်းဖက်စစ်တပ်၏ စစ်တိုင်းဌာနချုပ် တစ်ခုကို ပထမဆုံးအကြိမ် သိမ်းယူနိုင်မှုလည်းဖြစ်သည်။ စစ်တပ်ထံတွင် စစ်တိုင်း ဌာနချုပ် (၁၄) ခု ရှိသည့်အနက် စစ်တိုင်းဌာနချုပ် တစ်ခု သိမ်းပိုက်ခံလိုက်ရပြီဖြစ် ကာ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်ဖြစ်သည့် အမ်း မြို့ကိုလည်း အာရက္ခ တပ်တော်က ဝန်းရံ ပိတ်ဆို့လျက်ရှိသည်။နွေဦးတော်လှန်ရေးသည် ရန်သူ့စစ်တိုင်းဌာနချုပ်များကို သိမ်းပိုက်နိုင်ခြင်း ဝန်းရံနိုင်ခြင်းအထိ စစ်ရေး အခြေအနေ တိုးတက်လာပြီ ဖြစ်သည်။

ရှမ်းမြောက်ဒေသရှိ မိုးကုတ်မြို့ကို တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော်နှင့် ပြည်သူ့ကာကွယ်ရေး တပ်မတော်က သိမ်းယူလိုက်သလို မိုးမိတ်မြို့ကို အပြီးသတ် ထိန်းချုပ်နိုင်ရေးလည်း ထိုးစစ်ဆင်လျက်ရှိသည်။

မိုးမိတ်နယ်နှင့် ချိတ်ဆက်လျက်ရှိသော သပိတ်ကျင်းနယ်အတွင်းရှိ စစ်ရေးအရ အချက်အချာကျသော တွင်းငယ် ရဲစခန်းကိုလည်း ကချင်လွတ်လပ်ရေး တပ်မတော်နှင့် ပူးပေါင်းတပ်ဖွဲ့က သိမ်းပိုက်နိုင်လိုက်သည်။

ထို့အတွက် မိုးမိတ်၊ မိုးကုတ်၊ သပိတ်ကျင်း နယ်အားလုံးတွင် တော်လှန်ရေး အင်အားစုများက စခန်းသိမ်း မြို့သိမ်းတိုက်ပွဲများ ဆင်နွဲလျက်ရှိသည်။

မန္တလေးတိုင်း၊ ငါန်းဇွန်မြို့နယ်၊ မင်းနေကုန်း နယ်မြေ ရဲစခန်းကို အကြမ်းဖက် စစ်ကောင်စီက စခန်းစွန့်ခွာသွားသဖြင့် တော်လှန်ရေး အင်အားစုများက ဝင်ရောက် ရှင်းလင်း မီးရှို့ခဲ့သည်။ ပြည်သူ့ကာကွယ်ရေး တပ်မတော်နှင့် တော်လှန်ရေး အဖွဲ့အသီးသီး၏ ရန်သူ့ ထောက်ပို့လမ်းကြောင်း ဖြတ်တောက်မှု၊ ဝန်းရံပိတ်ဆို့ မှုများကြောင့် စစ်စခန်းများ၊ ရဲစခန်းများကို ရန်သူက စွန့်ခွာ ထွက်ပြေး လျက်ရှိသည်။ မြင်းခြံမြို့နယ်၊ ဆီမီးခုံမြို့တွင်လည်း ရဲစခန်း အနီးတွင် ရန်သူ့စစ်သား (၁) ဦးကို တော်လှန်ရေး အင်အားစုများက ဝင်ရောက် ပစ်ခတ်ကာ သေနတ် (၁) လက် သိမ်းယူနိုင်ခဲ့သည်။ မကွေးတိုင်း၊ ပခုက္ကူမြို့နယ်တွင် KTV မှ ပြန်လာသည့် ဗိုလ်ကြီး ဝင်းဇော်ကို ကို Southern YSO PDF အဖွဲ့က အရှင်ဖမ်းဆီးနိုင်ခဲ့သည်။

အပတ်စဉ်သတင်းထုတ်ပြန်ချက်ကို အမျိုးသားညီညွတ်ရေးအစိုးရ ဝဝ်ဘ်ဆိုက် တွင် Subscribe ပြုလုပ်၍ ရယူနိုင်ပြီဖြစ်ပါသည်။

https://go.nugmyanmar.org/2b103fca

2b103fca

Powered by Go.NUG